## (၃၀-၄-၂၀၂၁)မှ (၆-၅-၂၀၂၁) အထိ သကြားပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

၁။ ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ် ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် (၁-၄-၂၀၂၁) ရက်နေ့တွင် အမေရိကန်ဒေါ်လာ (၄၂၁.၀၅) ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး (၄-၅-၂၀၂၁) ရက်နေ့တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၅၁.၇၅) ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 4-May-21 | 17.09 cts/lb | 16.81 cts/lb | 451.75 $/T | 20.49 cts/lb |
| 29-Apr-21 | 16.95 cts/lb | 16.50 cts/lb | 451.75 $/T | 20.49 cts/lb |
| 28-Apr-21 | 17.17 cts/lb | 16.38 cts/lb | 461.40 $/T | 20.93 cts/lb |
| 27-Apr-21 | 17.77 cts/lb | 16.24 cts/lb | 477.90 $/T | 21.68 cts/lb |
| 26-Apr-21 | 17.10 cts/lb | 16.06 cts/lb | 463.00 $/T | 21.00 cts/lb |
| 23-Apr-21 | 16.86 cts/lb | 15.90 cts/lb | 458.60 $/T | 20.80 cts/lb |
| 22-Apr-21 | 16.85 cts/lb | 15.76 cts/lb | 460.10 $/T | 20.87 cts/lb |
| 21-Apr-21 | 16.85 cts/lb | 15.62 cts/lb | 460.60 $/T | 20.89 cts/lb |
| 20-Apr-21 | 16.69 cts/lb | 15.49 cts/lb | 458.60 $/T | 20.80 cts/lb |
| 19-Apr-21 | 16.22 cts/lb | 15.36 cts/lb | 450.45 $/T | 20.43 cts/lb |
| 16-Apr-21 | 16.57 cts/lb | 15.29 cts/lb | 458.35 $/T | 20.79 cts/lb |
| 15-Apr-21 | 16.30 cts/lb | 15.18 cts/lb | 456.00 $/T | 20.68 cts/lb |
| 14-Apr-21 | 15.86 cts/lb | 15.12 cts/lb | 442.65 $/T | 20.08 cts/lb |
| 13-Apr-21 | 15.47 cts/lb | 15.08 cts/lb | 427.50 $/T | 19.39 cts/lb |
| 12-Apr-21 | 15.36 cts/lb | 15.08 cts/lb | 424.40 $/T | 19.25 cts/lb |
| 9-Apr-21 | 15.41 cts/lb | 15.09 cts/lb | 427.70 $/T | 19.40 cts/lb |
| 8-Apr-21 | 15.18 cts/lb | 15.10 cts/lb | 426.65 $/T | 19.35 cts/lb |
| 7-Apr-21 | 15.07 cts/lb | 15.14 cts/lb | 424.55 $/T | 19.26 cts/lb |
| 6-Apr-21 | 15.04 cts/lb | 15.20 cts/lb | 426.80 $/T | 19.36 cts/lb |
| 1-Apr-21 | 14.72 cts/lb | 15.33 cts/lb | 421.05 $/T | 19.10 cts/lb |

၂။ ၂၀၂၁ ခုနှစ်၊ မေလ ပထမပတ်တွင် တရုတ်နိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော သကြား ဈေးနှုန်းမှာ (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၅၉) ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန်နိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၃၄၂) ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၅၉၅-၆၁၇) ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ (၄၃၉-၅၂၈) ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင် သကြားဈေးနှုန်းမှာ အနည်းငယ် မြင့်တက်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် သကြား ဈေးနှုန်းများ ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ၂၀၂၁ ခုနှစ်၊ မေလ ပထမပတ်တွင် မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြား (၁) တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ (၃၄၁) ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြား (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၅၉) ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် (၁) တန် ပေါ်တွင် အမေရိကန်ဒေါ်လာ (၅၁၈) ဒေါ်လာ ဈေးနှုန်း ကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ်၊ မြဝတီမြို့တွင် သကြား (၁) တန်လျှင် အမေရိကန်ဒေါ်လာ (၄၈၉) ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ (၁) တန်လျှင် အမေရိကန်ဒေါ်လာ (၅၁၃) ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

၄။ ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား ၁ ပိဿာလျှင် (၁၉၀၀) ကျပ်နှင့် ရန်ကုန်မြို့တွင် သကြား ၁ ပိဿာလျှင် (၁၈၀၀) ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ကလေးမြို့တွင် သကြား ၁ ပိဿာလျှင် (၁၂၀၀) ကျပ်နှင့် ထားဝယ်မြို့တွင် သကြား ၁ ပိဿာလျှင် (၁၁၀၀) ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

၅။ Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၁ ခုနှစ်၊ မေလ ပထမပတ်တွင် ကမ္ဘာ့သကြား ဈေးနှုန်းများသည် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ၁.၃၃ % ဈေးနှုန်း မြင့်တက်ခဲ့ ကြောင်း လေ့လာတွေ့ရှိရပါသည်။